# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 21, 2022 Volume 50, Number 14

၂၁.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၇၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၂.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၄၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရှမ်းပြည်နယ်(တောင်ပိုင်း) ပြောင်းအခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း) အစေ့ထုတ်ပြောင်းများကို မြို့နယ်အတော်များများ၌ စိုက်ပျိုးကြပြီး ထွက်ရှိမှုအနေဖြင့် တန်ချိန် (၇)သိန်းခွဲခန့် ထွက်ရှိကြောင်းသိရှိရသည်။ ယခုအချိန်တွင် ပြောင်းလက်ကျန်အနေဖြင့် တန်ချိန် (၂)သိန်းမှ (၃)သိန်းခန့်ကျန်ရှိပြီး ဈေးနှုန်းမှာ တောင်ကြီးနှင့်အေးသာစက်မှုဇုန်တို့၌ အရည်အသွေးနှင့်အစိုဓာတ်ပေါ်မူတည်၍ တစ်ပိဿာလျှင် (၆၈၀ မှ ၆၈၅) ကျပ်ခန့်ဖြင့် ကုမ္ပဏီများမှ ဝယ်ယူလျက်ရှိသည်၊ ဈေးနှုန်းမှာနေ့စဉ်အပြောင်းအလဲရှိ၍ ဝယ်လိုအားတက်လာသည့်အတွက် ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်းသိရသည်။ အဓိကတင်ပို့မှုအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့်မြဝတီမြို့များသို့တင်ပို့လျက်ရှိပြီး ဖေဖော်ဝါရီလမှစ၍ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် မြဝတီမြို့သို့ တွဲကားအစီးရေ (၅၀ မှ ၁၀၀)ခန့်နေ့စဉ် တင်ပို့လျက်ရှိကြောင်းသိရှိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၌ Corn Vision 2020 ရဲ့ Pilot Project တစ်ခုဖြစ်သည့် အရည်အသွေးမီ အစေ့ထုတ်ပြောင်းနှင့် ပဲပုပ်အခြောက်ခံသန့်စင်စက်ရုံကို တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တွင် Mega Rich Crops Company Ltd. မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပြီး တစ်နှစ်လျှင် စုစုပေါင်းတန်ချိန် (၅၀၀၀၀)ခန့် အခြောက်ခံသန့်စင်နိုင်ပြီး ပြောင်းစိုက်ဧကပေါင်း (၃၀၀၀၀)ဝန်းကျင်နှင့် တောင်သူပေါင်း (၅၀၀၀) ခန့်ကိုလွှမ်းခြုံ၍ ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းထားသည်၊ ရှေ့ဆက်ပြီး Pilot Project မှလည်း တောင်သူများနှင့်ပူးပေါင်း၍ အရည်အသွေးကောင်းသည့် ပြောင်းနှင့်ပဲပုပ်ကို သီးထပ်(သို့) သီးလှည့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိုလည်း ဆက်လက်ရင်းနှီးမြှုပ်နှံသွားရန် ရည်မှန်းထားကြောင်းကို Corn Vision 2020 ရဲ့ Pilot Project မှ တာဝန်ရှိသူ ဦးစိုင်းဖြိုးလွင်ဦးထံမှ သိရှိရသည်။

**Source: ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန**

## ရွှေ၊ စက်သုံးဆီနှင့် ဒေါ်လာပြင်ပပေါက်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ရွှေဈေးကွက်တွင် အဝယ်ပြန်လိုက်လာကြောင်း ဈေးကွက်အတွင်းမှသိရ

ရွှေ၊ စက်သုံးဆီနှင့်ဒေါ်လာ ပြင်ပပေါက်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ရွှေဈေးကွက်တွင် အဝယ်ပြန်လိုက်လာကြောင်း ဈေးကွက်အတွင်းမှသိရသည်။ ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းအပိတ်ဈေးအရ ၁၆ ပဲရည်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၈ သိန်း သုံးသောင်းကိုးထောင်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၁၁ ရက် နံနက်ဈေးဖွင့်ချိန်တွင် ၁၈ သိန်း ခုနစ်သောင်းနီးပါးအထိရောက်ရှိခဲ့ပြီး၊ ဇန်နဝါရီ ၂၀ ရက် ညနေအပိတ်ဈေးတွင် ၁၈ သိန်းရှစ်သောင်းလေးထောင်ကျော်သို့ ရောက်ရှိလာခဲ့ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်အရသိရသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

“ရွှေဈေးက ကမ္ဘာ့ဈေးလည်း နည်းနည်းတက်လာတယ်။ ကမ္ဘာ့ဈေးက အမေရိကန်ဒေါ်လာ ၁၈၃၀ နည်းနည်းကျော်သွားပြီ” ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။ ယင်းသို့ ဈေးတက်လာခြင်းကြောင့် ရွှေအဝယ် ပြန်လိုက်လာပြီး စုနေသည့်သဘောတွင်ရှိကြောင်း၊ ထို့ပြင်နယ်ဘက်မှလည်း ရွှေအဝယ်ပြန်လိုက်လာကြောင်း ဦးမျိုးမြင့်က ပြောကြားသည်။ “ရွှေက အဝယ်ပြန်လိုက်လာတယ်။ ဈေးနည်းနည်းတက်လာတော့ အဝယ်လိုက်လာတာပေ့ါ။ နောက်ပြီးရင် ပြန်ရောင်းကြတာပေ့ါ။ နောက်ပြီး နယ်စပ်ကလည်း ပြန်ဆွဲတယ်” ဟု ဦးမျိုးမြင့်က ပြောကြားသည်။

နယ်စပ်တွင် ရွှေဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်ထက် ကျပ်နှစ်သိန်းကွာဟနေခြင်းကြောင့် ရန်ကုန်ရွှေကို နယ်စပ်က ဝယ်ယူလာခြင်းဖြစ်ကြောင်း ဦးမျိုးမြင့်ကပြောကြားသည်။ “တမူးနဲ့ရန်ကုန်ဆို နှစ်သိန်းလောက်ကွာတယ်။ နှစ်သိန်းလောက် ကွာတော့ အဲဒီဘက်ကနေ ဆွဲကြတာပေ့ါ။ ကိုယ့်ဘက်က ဈေးချလို့လည်းမရဘူး။ ချရင်လည်း ဘာမှကျန်မှာမဟုတ်ဘူး။ အကုန် လုံး ရွှေကအိန္ဒိယဘက်ရောက်သွားမယ်” ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခု နှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက် တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။ အလားတူ ပြင်ပဒေါ်လာဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိကြောင်း ဈေး ကွက်အတွင်းမှသိရသည်။ “မနေ့က ဒေါ်လာလိုလို့ အန်ကယ်ကိုယ်တိုင်သွားဝယ်တာ ၂၁၀၀ ပေးရတယ်။ ဒေါ်လာဈေးကလည်း တက်လာတာပေ့ါ” ဟု ဦးမျိုးမြင့်ကပြောကြားသည်။

ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဒေါ်လာဈေးမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၇၈၆ ကျပ် သတ်မှတ်ထားသော်လည်း ပြင်ပဈေး ကွက်တွင်မူ တစ်ဒေါ်လာလျှင် ကျပ် ၂၀၀၀ ကျော်သို့ ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် စက်သုံးဆီဈေးနှုန်းများမှာလည်း တရိပ်ရိပ်မြင့်တက်လျက်ရှိပြီး ရန်ကုန်မြို့တွင် ၉၂ တစ်လီတာလျှင် ကျပ် ၁၅၄၅၊ ၉၅ တစ်လီတာလျှင် ၁၉၅၉ ကျပ်သို့ ရောက် ရှိနေကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။ “ ဈေးတွေက တစ်ဆိုင်နဲ့တစ်ဆိုင်တော့ သိပ်မကွာဘူး။ အများဆုံးကွာမှ တစ်လီတာကို ငါးကျပ်နဲ့ ၁၀ လောက်ပဲကွာတယ်။ စက်သုံးဆီဈေးကတော့ တရိပ်ရိပ်နဲ့ပဲတက်လာတာ” ဟု ရန်ကုန်မြို့တွင်း အငှားယာဉ်မောင်းနှင်သူတစ်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီ ၃ ရက်တွင် ပြည်တွင်းစက် သုံးဆီဈေးနှုန်းမှာ ဒီဇယ်တစ်လီတာလျှင် ကျပ် ၆၆၀၊ ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၆၇၀၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၆၂၀၊ အောက်တိန်း95 Ron တစ်လီတာ ကျပ် ၇၅၀ သာရှိကြောင်း မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း MPTA က ထုတ်ပြန်ခဲ့သည့် စာရင်းများအရသိရသည်။

**Source:** https://news-eleven.com/article/224275

## ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ





Photo: Kachin TC

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှုများ ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် စမ်းသပ်ကာလအနေဖြင့် တစ်ရက်လျှင် တစ်သျှူးငှက်ပျော ၂၂ ဘီး တွဲကား အစီး ၃၀ ခန့် ကုန်သွယ်မှုများပြုလုပ်ခဲ့ပြီး ယခုအခါ ဖရဲသီးတင်ပို့မှုရှိလာသည်ကိုတွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဖရဲသီးများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၇၁၂၃၁၃ ဒသမ ၁၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျောနှင့်ပတ်သက်သောပစ္စည်းများဖြစ်သည့် Cargo Container 45 Feet တင်သွင်းမှု ရှိပါသည်။ ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၂၁၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုစမ်းသပ်ကာလဖြစ်ကြောင်းသိရှိရပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၃ ယွမ် ဖြစ်ပြီး၊ တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၉.၄ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇဟိုဌာန**

## ကြက်သွန်ဈေးနှုန်းများကျဆင်းခဲ့သည့်အတွက် တောင်သူအရှုံးပေါ်ပြီး စိုက်ဧကများလျော့ကျလာ



https://greenwaymyanmar.com/posts/decline_in_onion_cultivation

၂၀၂၂ ခုနှစ် ဆောင်းရာသီကြက်သွန်စိုက်ချိန်မှာတော့ အရင်နှစ်တွေက ကြက်သွန်ဈေးတွေကျဆင်းခဲ့ပြီး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ သွင်းအားစုတွေကလည်း ဈေးကြီးမြင့်လာတဲ့အတွက် ကြက်သွန်စိုက်ဧကတွေလျော့ကျလာပါတယ်။ ကြက်သွန်စိုက်ဧက သုံးသောင်းကျော်လောက်ရှိပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်တဲ့ မကွေးတိုင်းဒေသကြီးမှာတော့ စိုက်ဧကတွေ ထက်ဝက်လောက်လျော့ကျနိုင်တယ်လို့ တောင်သူတွေက ခန့်မှန်းထားပါတယ်။ ရေနံချောင်းမြို့နယ်က ချောင်းကြက်သွန်စိုက် ဧရိယာတွေလျော့ကျလာပြီး တောင်သူပေါင်းရာနဲ့ချီ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိတော့ဘူးလို့ သပြေပင်ကျေးရွာမှ တောင်သူဦးဝင်းလှိုင်က အစိမ်းရောင်လမ်းကိုပြောပါတယ်။

"မစိုက်နိုင်တာက ဒီဟာရဲ့ စိုက်ပျိုးရေးဝန်ဆောင်မှုတွေကို မထုတ်နိုင်တဲ့အတွက်ဆိုတဲ့ အတိုင်းအတာက နှစ်တိုင်းမှာတော့ မြို့ပေါ်ဆေးဆိုင်တွေက ယူစိုက်၊ ကျင်းပေါ်ရင်ပြန်ထိုးရောင်းပေးဆိုတာတွေ လုပ်ရဲတယ်လေ။ ဒီနှစ်ကျတော့ ကိုယ့်မှာလည်း အခံကမရှိတော့ဘူး။ ကြွေးယူပြီးလုပ်ရမယ်ဆိုတော့လည်း အဆင်ပြေရင်ကိစ္စမရှိဘူး။ အဆင်မပြေရင် ဒီအကြွေးက ကဒီး၊ ကဒီး အတောင်းခံရတော့မယ်။ တို့သပြေပင်ကျေးရွာမှာတော့ နှစ်တိုင်း စိုက်နေကျတောင်သူကတော့ ၂၀၃ ဦးရှိပါတယ်။ အဲ့ ၂၀၃ဦးမှာမှ ဒီစိုက်ပျိုးစရိတ်ဝန်ဆောင်မှုတွေ၊ ဆေးစရိတ်ဝန်ဆောင်မှုတွေ၊ နောက်ကျတော့ ဈေးကွက်ရဲ့အနေထားအရမှာ ခန့်မှန်းလို့မရတဲ့ အတိုင်းအတာတွေဖြစ်တဲ့အတွက် ၂၀၃ ဦးဆိုတဲ့ အတိုင်းအတာမှာ ၁၉ ဦးပဲစိုက်နိုင်တော့တာ"လို့ပြောပါတယ်။

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က ပြည်ပဈေးကွက်ရှိတဲ့ ရွှေနီကြက်သွန်နီ အများဆုံးထွက်ရှိရာဒေသဖြစ်ပြီး စပါးကို ဝမ်းစာလောက်ပဲစိုက်ပျိုးကာ ကြက်သွန်ကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြတာဖြစ်ပါတယ်။ ကြက်သွန်ဈေးကွက် မတည်မငြိမ်ဖြစ်ခဲ့တာတွေက ၂၀၁၀ ပြည့်နှစ်လောက်မှာ စတင်ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃ - ၂၀၁၄ ခုနှစ်ကစပြီး ကြက်သွန်တစ်ပိဿာ ကျပ် ၅၀လောက်သာရခဲ့ချိန်မှာ ကြက်သွန်ဈေးကွက် ဆိုးဆိုးရွားရွားကျဆင်းခဲ့ပြီး ကြက်သွန်စိုက်တောင်သူတွေ အထိနာခဲ့ပါတယ်။ ကြက်သွန်နဲ့စီးပွားမဖြစ်တော့ပဲ အဆုံးအရှုံးတွေနဲ့ရင်ဆိုင်ရတာ ၆နှစ်ခန့်ရှိပြီလို့ ဦးဝင်းလှိုင်ကဖြည့်စွက်ပြောပါတယ်။

ဆောင်းရာသီကာလအတွင်း ချောင်းကြက်သွန်စိုက်ပျိုးရာမှာ ရေနည်းလာတဲ့ချောင်းထဲက သဘာဝအတိုင်းစီးဆင်းလာတဲ့ ရေကို လူ့လုပ်အားနဲ့ မြောင်းဖောက်ကာ စုစည်းစီးဆင်းစေပါတယ်။ အဲ့ဒီနောက် ပေါ်လာတဲ့ချောင်းမြေကို ကြက်သွန်စိုက် တောင်သူများ အချိုးကျခွဲဝေပြီးကြက်သွန်စိုက်ပျိုးကြတာဖြစ်ပါတယ်။ ရေနံချောင်းမြို့နယ် သပြေပင်ကျေးရွာမှာတော့ နှစ်စဉ်

ချောင်းမြေကိုခဲ့ဝေယူကြပြီး ကြက်သွန်စိုက်ပျိုးတဲ့တောင်သူက ၂၀၃ ဦးရှိပေမယ့် အခုနှစ်မှာတော့ ကြက်သွန်စိုက်ပျိုးနိုင်တဲ့ တောင်သူ ၁၉ ဦးသာကျန်ရှိပါတော့တယ်။ ဒါကြောင့် မစိုက်ပျိုးနိုင်တော့တဲ့ ကျန်ရှိနေတဲ့တောင်သူ ၁၈၄ ဦးမှာ နှစ်တိုင်း ကြက်သွန်စိုက်ပျိုးသူ အခင်းရှင်အဖြစ်ကနေ သီးနှံရှုံးပြီး အရင်းအနှီးတွေကြီးလာတဲ့အတွက် မစိုက်ပျိုးနိုင်တော့ပဲ မိသားစုဝမ်းရေး အတွက် ကြက်သွန်စိုက်လယ်ယာလုပ်သားအဖြစ် ပြောင်းလဲလုပ်ကိုင်လာရပါတယ်။ ကြက်သွန်စိုက်ပျိုး ထုတ်လုပ်တဲ့လုပ်ငန်းက အကျိုးအမြတ်တွေ နည်းနည်းလာပြီး အဆုံးအရှုံးတွေရှိလာပေမယ့် မိရိုးဖလာလုပ်ငန်းဖြစ်တာရယ်နှင့် စိုက်ပျိုးမြေကို အကောင်းဆုံးအသုံးချနိုင်မယ့် အခြားနည်းလမ်းမရှိတာကြောင့် ဆက်လက်စိုက်ပျိုးနေရတာဖြစ်တယ်လို့ ၂၀၂၂ ဆောင်းရာသီမှာ ကြက်သွန် ဆက်လက်စိုက်ပျိုးနေဆဲတောင်သူ ဦးစံမောင်ကပြောပါတယ်။

"ပြန်ရောင်းရတာက နှစ်သောင်းဈေးဆိုတော့ တစ်ပိသာကို ၂၀၀နှုန်းပဲရှိတာလေ။ ၂၀၀ နှုန်း၊ တစ်သောင်းဈေးဆိုတော့ ကုန်တာက ငါးသောင်းပတ်ဝန်းကျင်ဆိုတော့ နှစ်သောင်းလောက်ဆိုတော့ သုံးပုံပုံရင် နှစ်ပုံလောက်ရှုံးနေတာဆိုတော့ ဒီနှစ် မလုပ်နိုင်ပဲ ခက်သွားတာပေ့ါ။ ဘာလို့ ဒီဟာကိုစိုက်လဲလို့မေးရင် မြတ်လို့လည်းမဟုတ်ဘူး။ ကိုယ့်ရဲ့ရိုးရာ၊ မိရိုးဖလာဖြစ်တဲ့ ဒီလုပ်ငန်းခွင်လေးမို့လုပ်နေတာ။ ဒါမဖြစ်မနေ ကိုယ့်ရဲ့နေရာမို့လို့သာ လုပ်တာကိုး ဘာမှတော့ထွန်းကားမှုတော့ ဖြစ်မလာ သေးဘူး။ ပြီးခဲ့တဲ့နှစ်က ရှုံးနေတာကိုး။ စိုက်တဲ့သူတွေကလည်း သုံးပုံပုံနှစ်ပုံလောက်ရှုံးနေတာဆိုတော့ ဒီနှစ်တော့ မဆင်းတော့ ဘူးဆိုတဲ့သူက များနေတယ်"လို့ပြောပါတယ်။

မကွေးတိုင်းဒေသကြီးတွင်ကြက်သွန် စိုက်ဧက ၃၆၁၄၂ ဧကရှိပြီး အဲ့ဒီကနေ ကြက်သွန်နီတန်ချိန် နှစ်သိန်းနှစ်သောင်းကျော် ထွက်ရှိပြီး တစ်ပြည်လုံးအတိုင်းအတာရ တန်ချိန် တစ်သန်းနီးပါးထွက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန၏ စာရင်းဇယားများအရ သိရပါတယ်။ စုစုပေါင်းကြက်သွန်နီထုတ်လုပ်မှု၏ ရှစ်ဆယ်ရာခိုင်နှုန်းကျော်ကို ပြည်တွင်းမှာ စားသုံးလျှက်ရှိပြီး ကျန်တဲ့ ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ တန်ချိန် တစ်သိန်းခွဲနှင့်နှစ်သိန်းကြားကို ပြည်ပတင်ပို့လျှက်ရှိတယ်လို့သိရ ပါတယ်။ ၂၀၂၁ခုနှစ် တွင်ကြက်သွန်နီတန်ချိန် နှစ်သိန်းကျော် ပြည်ပတင်ပို့ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/decline_in_onion_cultivation

## ဖေဖော်ဝါရီ ၁ ရက်မှစ၍ ထိုင်းနိုင်ငံတွင် ကွာရန်တင်းကင်းလွတ်ခွင့်ပြုသည့် ခရီးသွားလာမှုအစီအစဉ်ကို ပြန်လည်စတင်တော့မည်

ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ကွာရန်တင်းကင်းလွတ်ခွင့်ပြုသည့် ခရီးသွားလာမှုအစီအစဉ်ကို ပြန်လည် စတင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ အလွန်ကူးစက်မြန်သည့် အိုမီခရွန် မျိုးကွဲဗိုင်းရပ်စ်အန္တရာယ်ကြောင့် ၎င်းအစီအစဉ်ကို ယာယီရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

COVID-19 ကပ်ရောဂါကာလအတွင်း ခရီးသွားလာမှုအပေါ် ပိတ်ပင်ကန့်သတ်ချက်များ ချမှတ်ခဲ့ရသည့်အတွက် ခရီးသွား ဦးရေ အလွန်အမင်းကျဆင်းခဲ့ကာ ခရီးသွားလုပ်ငန်းအပေါ် အဓိကအမှီပြုနေသည့် ထိုင်းနိုင်ငံ၏စီးပွားရေးကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။

ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသည့် ခရီးသွားများအနေဖြင့် ရောက်ရှိလာပြီး ပထမဆုံးရက်နှင့် ငါးရက်မြောက်တို့တွင် ကိုဗစ် စစ်ဆေးမှုခံယူပြီးပါက “test and go” အစီအစဉ်အရ လာရောက်နိုင်တော့မည်ဖြစ်ကြောင်း ထိုင်းအစိုးရ၏ COVID-19 ရောဂါ တိုက်ဖျက်ရေးအထူးအဖွဲ့၏ ပြောခွင့်ရ တာဝီဆင်း ဗီဆာနူယိုသင်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ခရီးသွားများအနေဖြင့် ဆေးစစ်ချက်အဖြေကို စောင့်ဆိုင်းနေချိန်အတွင်း ဟိုတယ်၌ သီးခြားနေထိုင်ရမည်ဖြစ်ကာ ၎င်းတို့ အနေဖြင့် ရောဂါထိန်းချုပ်ရေး စည်းမျဉ်းများနှင့်အညီ နေထိုင်ခြင်းရှိမရှိကို ခြေရာခံစောင့်ကြည့်သည့် အက်ပလီကေးရှင်း တစ်ခု ကိုလည်း ဖုန်းထဲတွင် ဒေါင်းလုတ်ဆွဲထားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေး အကျပ်အတည်းနောက်ပိုင်း အဆိုးဝါးဆုံး စီးပွားရေးစွမ်းဆောင်မှုမှ ရုန်းထွက်ရန် ကြိုးပမ်းနေသည့် ထိုင်းအစိုးရအနေဖြင့် နှစ်ပတ်ကြာ ဟိုတယ်ကွာရန်တင်းဝင်ရမည့် အစီအစဉ်ကို အစားထိုးသည့် “test and go” အစီအစဉ်ကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် စတင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်လ နှောင်းပိုင်း၌ အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုအန္တရာယ်အပေါ် စိုးရိမ်မှုများကြောင့် ၎င်းအစီအစဉ်ကို အာဏာပိုင်များက ယာယီရပ်ဆိုင်းခဲ့သည်။ သို့ရာတွင် လူသေဆုံးမှုနှင့် ဆေးရုံတက်ရောက်ရမှုများ သိသိသာသာ မြင့်တက်လာခြင်း မရှိသည့်အတွက် ၎င်းအစီအစဉ်ကို ပြန်လည်စတင်နိုင်ပြီဖြစ်သော်လည်း အာဏာပိုင်များက လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝီဆင်းက ဆိုသည်။ “ရောဂါကူးစက်မှု မြင့်တက်လာတာ ဒါမှမဟုတ် အခြေအနေအပြောင်းအလဲဖြစ်လာမယ်ဆိုရင်တော့ ပြည်တွင်းကို ခရီးသွားတွေလာရောက်မှုကို ပြန်လည်သုံးသပ်ပြီး ဆန်းဘောက်စ် အစီအစဉ်နဲ့ပတ်သက်ပြီး ချိန်ညှိပြင်ဆင်သွားမှာ ဖြစ်ပါတယ်” ဟုလည်း ၎င်းကပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်ရန် ရည်ရွယ်သည့် ပထမခြေလှမ်းအဖြစ် ယမန်နှစ်တွင် စတင်ခဲ့သည့် ဆန်းဘောက်စ် အစီအစဉ်အရ ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသည့် ခရီးသွားများအနေဖြင့် ဖူးခက်အပန်းဖြေကျွန်းကဲ့သို့ သတ်မှတ်ထားသည့် နေရာအချို့တွင် ခုနစ်ည နေထိုင်ပြီးမှ ထိုင်းနိုင်ငံ၏ အခြားနေရာဒေသများသို့ သွားရောက်လည်ပတ်ခွင့်ပြုခဲ့သည်။ ထိုင်းတွင် ကန့်သတ်ချက်များကို ဖြေလျှော့မှုအဖြစ် စားသောက်ဆိုင်များတွင် ည ၁၁ နာရီအထိ အရက်ရောင်းချခွင့်ပြုလိုက်သည်။ ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြည်ပခရီးသွား ငါးသန်းခန့် ဝင်ရောက်ဖွယ်ရှိဟု ခန့်မှန်းထားသည်။

**Source:** https://news-eleven.com/article/224269

## ကမ္ဘာကျော် ဇိမ်ခံကုန်အမှတ်တံဆိပ်များက တရုတ်နှစ်သစ်ကူးအတွက် အကန့်အသတ်ဖြင့်ထုတ်လုပ်ထားသော ၎င်းတို့ကုန်စည်များရောင်းချလျက်ရှိ

တရုတ်နှစ်သစ်ကူးနီးလာသည်နှင့်အမျှကမ္ဘာကျော် ဇိမ်ခံကုန်အမှတ်တံဆိပ်များသည် ၎င်းတို့၏အကန့်သတ်ဖြင့် ထုတ်လုပ်ထားသော ကုန်စည်အမျိုးအစားများအား ကြီးမားလှသောတရုတ်ပြည် ဈေးကွက်၌ အခွန်လွတ်စတိုးဆိုင်များတွင်စတင်ရောင်းချနေပြီဖြစ်သည်။ တရုတ်နိုင်ငံ၏တောင်ဘက်ကျွန်းဆွယ်တွင်ရှိသောဟိုင်နန်ပြည်နယ်၌ ကျားရုပ်ပုံပါအသုံးအဆောင်များနှင့်အနီရောင်များအားနေရာတိုင်းနီးပါးတွေ့မြင်နိုင်ပါသည်။


နှစ်သစ်ကူးအတွက် အကန့်အသတ်ဖြင့်ထုတ်လုပ်ထားသော ကမ္ဘာကျော် ဇိမ်ခံကုန်အမှတ်တံဆိပ်များအား ခင်းကျင်းပြသထားရာ၌ အဝတ်အစားများ၊အိတ်များ၊နာရီများ၊ဝိုင်များနှင့်အခြားအရာများစွာ ပါဝင်သည်။ “လာမည့်ကျားနှစ် ကိုကြိုဆိုသောအားဖြင့် Armani အနေနဲ့ ရောင်းအားကောင်းပြီး အကန့်အသတ်နဲ့ ထုတ်ထားတဲ့ ဂျာကင်အကျီတွေနဲ့ သိုးမွေးဆွယ်တာအကျ်ီတွေကို ရောင်းချပေးနေပါတယ်။ ဒီဂျာကင်အကျီကတော့ အလွန်မြန်မြန်ဆန်ဆန်ရောင်းရခဲ့ပါတယ်” ဟိုင်နန် ပြည်နယ်သည် ယွမ် ၄၉.၅ ဘီလီယံ(အမေရိကန်ဒေါ်လာ ၇.၈ ဘီလီယံခန့်) တန်ဖိုးခန့်ရှိသော ကုန်စည်များအား ၂၀၂၁ ခုနှစ်အတွင်း အခွန်လွတ်ဈေး၌ ရောင်းချခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။ ၎င်းသည်နှစ်အလိုက် ၈၀ ရာခိုင်နှုန်းတက်လာခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ဟိုင်နန်သို့ ပြည်တွင်းနှင့်ပြည်ပခရီးသွား ၈၁ သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး အခြားနှစ်များထက် ခရီးသွား ၂၅.၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ဤအချက်အလက်များသည် တရုတ်နိုင်ငံက ဟိုင်နန်ပြည်နယ်ကို အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုနှင့်စားသုံးမှုစင်တာအဖြစ် ၂၀၂၅ တွင် တည်ထောင်ရန်နှင့် ၂၀၃၅ခုနှစ်တွင်ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုရှိသော ခရီးသွားလာမှုနှင့်စားသုံးမှုနေရာအဖြစ်ရပ်တည်သွားရန်ရည်ရွယ်ထားကြောင်းသိရသည်။

**Source:**https://xinhuamyanmar.com/media/%e1%80%80%e1%80%99%e1%80%b9%e1%80%98%e1%80%ac%e1%80%80%e1%80%bb%e1%80%b1%e1%80%ac%e1%80%ba-

## ၂၀၂၁ ခုနှစ် တရုတ်နိုင်ငံက ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုပမာဏ ယွမ် ၉၃၀ ဘီလီယံကျော်ရှိ

၂၀၂၁ခုနှစ်အတွင်း တရုတ်နိုင်ငံက ပြည်ပသို့ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများသည် တည်ငြိမ်စွာတိုးတက်လျက်ရှိကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စုကြွယ်ထင်က ဇန်နဝါရီ ၂၀ ရက်တွင်ပြောကြားခဲ့သည်။ လုပ်ငန်းကဏ္ဍအားလုံး၏ ပြည်ပသို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏသည် တရုတ်ယွမ်ငွေ ၉၃၆.၆၉ ဘီလီယံရှိရာ ယမန်နှစ် အလားတူကာလထက် ၂.၂ ရာခိုင်နှုန်း တိုးတက်လာကြောင်းသိရသည်။




https://xinhuamyanmar.com/mm-cn/%e1%81%82%e1%81%80%e1%81%82%e1%81%81-%e1%80%81%e1%80%af%e1%80%94%e1%80%be%e1%80%85%e1%80%ba%e1%80%90%

ယင်းနေ့၌ကျင်းပသောစီးပွား/ကူးသန်းဝန်ကြီးဌာန၏အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင်စုကြွယ်ထင်က၂၀၂၁ခုနှစ်တွင်တရုတ်နိုင်ငံကBRIလမ်းကြောင်းတစ်လျှောက်နိုင်ငံများသို့ ငွေရေးကြေးရေးကဏ္ဍမဟုတ်သော တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၂၀.၃ ဘီလီယံရှိပြီး ကာလတူထက် ၁၄.၁ ရာခိုင်နှုန်း တိုးတက်လာရာ အိမ်ရှင်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘော အကျိုးဖော်ဆောင်ခဲ့သည်။ အသစ်ချုပ်ဆိုသောစာချုပ်၌ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရှိသည့် စီမံကိန်း ၅၆၀ ရှိရာ ပြီးခဲ့သည့်နှစ်က ၄၆ ခု မြင့်တက်လာကြောင်း၊ အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးစသည့် အခြေခံအဆောက်အအုံကဏ္ဍများတွင်ဖြစ်ရာ အပြန်အလှန် ချိတ်ဆက်ဆက်သွယ်မှုတစ်ဆင့်တိုးမြှင့်ရေးအတွက်အကျိုးဖြစ်ထွန်းစေခဲ့ကြောင်း သိရသည်။

"ပြည်ပရှိကုန်သွယ်ရေးဇုန်တည်ဆောက်မှုတွေမှာသိသိသာသာအောင်မြင်ထိရောက်မှုရှိခဲ့တယ်"ဟုစုကြွယ်ထင်ကပြောသည်။ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ စီးပွား/ကူးသန်းဝန်ကြီးဌာနစာရင်းများသို့ ထည့်သွင်းသောပြည်ပရှိ ကုန်သွယ်စီးပွားပူးပေါင်းဆောင်ရွက်မှုဒေသများက နိုင်ငံပေါင်း၄၆ကျော်တွင်ဖြန့်ကျက်တည်ရှိနေရာ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀.၇ ဘီလီယံရှိပြီး အိမ်ရှင်နိုင်ငံသို့အခွန်ပေးဆောင်မှု ၆.၆ဘီလီယံ၊ ဒေသန္တရအတွက်အလုပ်အကိုင်ဖန်တီးမှု ၃၉၂,၀၀၀ရှိခဲ့ပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ ဘုံအကျိုးစီးပွားတူညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အားကောင်းစွာ မြှင့်တင်ပေးခဲ့သည်ဟု ဆိုသည်။

**Source:** https://xinhuamyanmar.com/mm-cn/%e1%81%82%e1%81%80%e1%81%82%e1%81%81-%e1%80%81%e1%80%af%e1%80%94%e1%80%be%e1%80%85%e1%80%ba%e1%80%90%

## Bitcoin တန်ဖိုး ထက်ဝက်ခန့်ကျဆင်း

ကမ္ဘာ့ဈေးကွက်တန်ဖိုး အကြီးဆုံး ခရစ်ပ်တိုငွေကြေးတစ်မျိုးဖြစ်သည့် Bitcoin တန်ဖိုးသည် ၂၄ နာရီအတွင်း ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည့်အတွက် ၂၂-၁-၂၀၂၂ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃၅,၀၀၀ ခန့်သာ တန်ဖိုးရှိတော့ကြောင်း၊ Bitcoin သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာတန်ဖိုး ၇၀,၀၀၀ ရှိခဲ့ရာမှ ထက်ဝက်ခန့် တန်ဖိုးကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်စမှ ၂၂-၁-၂၀၂၂ ရက်နေ့တွင် ၂၃ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့ကြောင်း၊ ထို့အတူ ဒုတိယဈေးကွက်တန်ဖိုးအကြီးဆုံး ခရစ်ပ်တိုငွေကြေးဖြစ်သည့် Ethereum သည်လည်း ၂၄ နာရီအတွင်း ၁၅ ရာခိုင်နှုန်းခန် တန်ဖိုးကျဆင်းခဲ့သည့်အတွက် ယခုနှစ်စမှ ၂၂-၁-၂၀၂၂ ရက်နေ့တွင် ၃၅ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့ကြောင်း ၂၂-၁-၂၀၂၂ ရက်နေ့ထုတ် Washington Post တွင် ဖော်ပြထားပါသည်။

နှစ်လတာကာလအတွင်း ကမ္ဘာ့ခရစ်ပ်တိုငွေကြေးရောင်းချမှု တရှိန်ထိုးမြင့်တက်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း တန်ဖိုးချက်ချင်းကျဆင်းခဲ့ရာတွင် အမေရိကန်ဒေါ်လာ၁.၄ ထရီလီယံခန့်ရှိခဲ့ တန်ဖိုးကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ခုနှစ် နိုဝင်ဘာလအစောပိုင်းက တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ထရီလီယံခန့်ထိ မြင့်ခဲ့ပြီးနောက် ၂၂-၁-၂၀၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ခရစ်ပ်တိုငွေကြေး တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၆ ထရီလီယံခန့်ကျော်သာ တန်ဖိုးရှိတော့ကြောင်း၊ Bitcoin နှင့် အခြားသော ခရစ်ပ်တိုငွေကြေးတန်ဖိုးများကို လက်ခံထောက်ပံ့သူများက ခရစ်ပ်တိုငွေကြေးများကို ငွေကြေးအသွင်ပြောင်းလဲကာ တန်ဖိုးထိန်းသိမ်းရန် (သို့) ငွေပေးချေမှု အသွင်အဖြစ်ပြောင်းလဲ အသုံးပြုသွားကြရန် အကြံပြုကြကြောင်း ဖော်ပြထားပါသည်။

မကြာမီလများက သန်းပေါင်းများစွာသော အမေရိကန်နိုင်ငံသားများက ဒစ်ဂျစ်တယ်ရွှေကို အများအပြား ရင်းနှီးမြှုပ်နှံလာကြသည့်အတွက် ယခုကဲ့သို့ ခရစ်ပ်တိုငွေကြေးတန်ဖိုး ကျဆင်းလာခြင်းဖြစ်ကြောင်း၊ Bitcoin ငွေကြေးထောက်ပံ့သူများက ၎င်းတို့ခရစ်ပ်တိုငွေကြေးသည် ၎င်းတို့ အကန့်အသတ်ရောင်းလိုအားပေါ် မူတည်ခြင်းဖြစ်ကြောင်း၊ ခရစ်ပ်တိုငွေကြေးသည် တိုကင် ၂၁ သန်း သာ ရောင်းချပေးနိုင်သည့်အတွက် ရောင်းချမှုမြန်မြန်ဆန်ဆန်ဖြစ်ပေါ်လာမှုအပေါ် တန်ဖိုးကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြကြောင်း၊ ငွေကြေးဖောင်းပွနေစဉ်အတွင်း ငွေကြေးများကို စိတ်ချရသည့်နေရာတွင် ခေတ္တထိန်းသိမ်း

ထားနိုင်ရန် ဆောင်ရွက်သင့်သည်ဟု အကြံပြုကြကြောင်း၊ ကုန်စည်စျေးနှုန်းများသည်လည်း နှစ်ပေါင်း ၄၀ အတွင်း အလျင်မြန်ဆုံးနှုန်းဖြင့် မြင့်တက်လျက်ရှိကြောင်း၊ ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရန် ဗဟိုဘဏ်အနေနှင့် ဘဏ်တိုးနှုန်းများ မြှင့်တင်ရန် စီစဉ်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများကို ဘဏ်များသို့ လာရောက်အပ်နှံရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

မကြာမီရက်များအတွင်း စတော့ရှယ်ယာ ရောင်းချမှုများပြားခဲ့သည့်အတွက် သီတင်းပတ် တစ်ပတ်အတွင်း Dow Jones industrial average က တန်ဖိုး ၃.၉ ရာခိုင်နှုန်း၊ S&P 500 က ၅.၁ ရာခိုင်နှုန်း၊ Nasdaq composite index က ၆.၂ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများက စတော့ရှယ်ယာများမှ ခရစ်ပ်တိုငွေကြေးများဆီသို့ ပြောင်းရွှေ့ စုပုံရင်းနှီးခဲ့ကြကြောင်း၊ ယခုအခါ ခရစ်ပ်တိုငွေကြေးများတွင် ရင်းနှီးမှုများမှ မြန်မြန်ဆန်ဆန် ပြန်လည်ထုတ်ယူလျက်ရှိကြကြောင်း ဖော်ပြထားပါသည်။

Bitcoin သည် နောက်လာမည့် ရွှေအမျိုးအစားတစ်ခု (next-generation gold) အဖြစ် နေရာယူလာမည်ကို ယုံကြည်သည်ဟု Matt Maley, chief market strategist for Miller Tabak + Co. ၏ စျေးကွက်မဟာဗျူဟာ သုတေသီချုပ်ဖြစ်သူ Mr. Matt Maley ကပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ယခုကဲ့သို့ Bitcoin တန်ဖိုး ၅၀ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းခဲ့သည့်အတွက် ကမ္ဘာ့ထိပ်တန်း နည်းပညာ ကုမ္ပဏီကြီးများဖြစ်သည့် Tesla က အမေရိကန်ဒေါ်လာ ၂၅.၁ ဘီလီယံ၊ Amazon က အမေရိကန်ဒေါ်လာ ၁၉.၉ ဘီလီယံ၊ Meta (Facebook) က အမေရိကန်ဒေါ်လာ ၁၀.၄ ဘီလီယံ၊ Google က အမေရိကန်ဒေါ်လာ ၇.၆ ဘီလီယံ နှင့် Microsoft က အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ အသီးသီးဆုံးရှုံးခဲ့ကြပြီး၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံ ဆုံးရှုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**Source:** https://www.washingtonpost.com/business/2022/01/22/crypto-crash-bitcoin-fed/

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## ၂၀၂၆ ခုနှစ်တွင် ထောင်လိုက်နည်းစနစ်ဖြင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုပမာဏ ၃ ဆအထိ မြင့်တက်နိုင်



ထောင်လိုက်နည်းစနစ်ကို အသုံးပြုသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၁ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃.၁ ဘီလီယံ ရှိနေရာမှ ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉.၇ ဘီလီယံတန်ဖိုးအထိ တိုးတက်လာနိုင်ကြောင်း စီးပွားရေးအကြံပေးကုမ္ပဏီဖြစ်သည့် MarketandMarkets ၏ သုတေသနတွေ့ရှိချက်များအား ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမြင့်မားခဲ့ခြင်းကြောင့် စတင်လုပ်ကိုင်မည့် လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများတွင် လုပ်ငန်းဆောင်ရွက်မှုများကျဆင်းခဲ့သော်လည်း ၂၀၂၁ ခုနှစ် ကုန်ဆုံးချိန်တွင် လုပ်ငန်းများ ပြန်လည်ဦးမော့လာခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ စားသောက်နိုင်ရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ တိုးတက်လာသည်နှင့်အမျှ ထောင်လိုက်နည်းစနစ်များဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ထားသော အစားအသောက်များကို စျေးကွက်များမှရွေးချယ်ဝယ်ယူမှုများ သိသိသာသာ တိုးမြင့်လာခဲ့ကြောင်း သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

ထောင်လိုက် စိုက်ပျိုးမွေးမြူရေးနည်းစနစ်များဖြစ်သည့် ကြားခံပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ရေပေါ်တွင် စိုက်ပျိုးခြင်း(Hydroponics)နှင့် စင်ပေါ်တင်၍စိုက်ပျိုးခြင်း(Aeroponics) နည်းစနစ်တို့ဖြင့် စိုက်ပျိုးမွေးမြူရာတွင် ကွန်တိန်နာများနှင့်အဆောက်အဦများကို အသုံးပြုလာကြကြောင်း ဖော်ပြထားသည်။ လတ်တလောကာလတွင် တွင်ကျယ်စွာ အသုံးပြုမှု

မရှိသေးသော်လည်း ထောင်လိုက်နည်းစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများကိုစတင်လုပ်ကိုင်လာကြကြောင်း၊ ကမ္ဘာ့ အမြင့်ဆုံး ထောင်လိုက်မွေးမြူရေးလုပ်ငန်းကို တရုတ်နိုင်ငံ၊ ဟူဘေးပြည်နယ်တွင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ မွေးမြူရေးအဆောက်အဦသည် ၂၆ ထပ်မြင့်မားကြောင်း သတင်းတွင် ဖော်ပြထားသည်။

**ကြားခံပစ္စည်းအသုံးပြု၍ ရေပေါ်တွင်စိုက်ပျိုးခြင်းနှင့် စင်များဖြင့်စိုက်ပျိုးခြင်း**

ကြားခံပစ္စည်းအသုံးပြု၍ ရေပေါ်တွင်စိုက်ပျိုးသည့်နည်းစနစ်ကို နိုင်ငံများတွင် စီးပွားဖြစ်စတင်လုပ်ကိုင်လာကြကြောင်း၊ ၎င်းနည်းစနစ်ကိုအသုံးပြု၍စိုက်ပျိုးခြင်းသည် အခြားနည်းစနစ်များကို အသုံးပြုခြင်းထက် လုပ်ငန်းစတင်ရန် လွယ်ကူခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် စီးပွားရေးအကျိုးအမြတ်ရရှိမှုပိုမိုမြင့်မားခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း၊ တူညီသည့်အဆောက်အဦတစ်ခုအတွင်းတွင် ရေပေါ်စိုက်ပျိုးသည့် နည်းစနစ် (hydroponic)နှင့် စင်အသုံးပြု၍စိုက်ပျိုးသည့်နည်းစနစ်(aeroponic)တို့ကို နှိုင်းယှဉ်လေ့လာခဲ့ရာတွင် စင်အသုံးပြုသည့်နည်းစနစ်က ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ ပိုမိုမြင့်မားကြောင်း သုတေသနတွေ့ရှိချက်တွင် ဖော်ပြ ထားသည်။

ထို့အပြင် စိုက်ပျိုးရေးတွင်ရေပေါ်နည်းစနစ်ကိုအသုံးပြုခြင်းသည် ရေအရင်းအမြစ် သုံးစွဲမှုနှင့် ရေအလေအလွင့်ဖြစ်မှုတို့တွင် သိသိသာသာလျှော့ကျကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။ ရေပေါ်စိုက်ပျိုးနည်းစနစ်အား သုတေသနပြုလုပ်ရာတွင် ပျိုးပင်များသို့အဟာရ ဓာတ်ထောက်ပံ့ပို့ဆောင်ပေးရာတွင် ထိရောက်စွာ ထိန်းချုပ်လုပ်ဆောင်နိုင်သည့် အပြင် အပင်ကြီးထွားမှုနှင့် အပင်အရွယ်အစားဖြစ်ပေါ်မှုတို့အပေါ်တွင်လည်း ကောင်းစွာထိန်းချုပ်နိုင်ကြောင်း၊ ထို့အပြင် ပျိုးပင်အား ရေနှင့်အဟာရဖြတ်တောက်ထားချိန်တွင် ရေပေါ်နည်းစနစ်သည် စင်ဖြင့်စိုက်ပျိုးသည့်နည်းစနစ်ထက် ကြားခံပစ္စည်းများက ရေနှင့်အဟာရများကို ဆက်လက်ထောက်ပံ့ပေးထားနိုင်သဖြင့် အပင်ကိုရက်ပိုမိုကြာရှည်စွာ ရှင်သန်နိုင်ကြောင်း သုတေသနတွေ့ရှိချက်စာစောင်တွင် ဖော်ပြထားသည်။

အဆောက်အဦများအသုံးပြု၍ ထောင်လိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မှုသည် ကွန်တိန်နာ အသုံးပြုခြင်းထက် ၁ စတုရန်းမီတာအပေါ်တွင် ရရှိသည့်စီးပွားရေးအကျိုးအမြတ် ပိုမိုမြင့်မားကြောင်း၊ မြေနေရာကန့်သတ်ချက် ရှိသည့် နိုင်ငံအချို့တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးအတွက်သာ ကွန်တိန်နာများကိုအသုံးပြုကြကြောင်း၊ ကွန်တိန်နာ အသုံးပြုခြင်းသည် စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်တို့တွင် ကန့်သတ်ချက်များရှိကြောင်း၊ သို့ရာတွင် အသုံးပြုရ လွယ်ကူခြင်းနှင့် နေရာရွှေ့ပြောင်းရလွယ်ကူမှုတို့ကြောင့် ကွန်တိန်နာအသုံးပြု၍ စိုက်ပျိုးမွေးမြူမှုများပိုမိုတွင်ကျယ် လာကြောင်း MarketsandMarkets ၏ သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

အာရှပစိဖိတ်ဒေသ၌ ထောင်လိုက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ ပိုမိုတိုးတက်များပြားလာလျက်ရှိနေကြောင်း၊ လူဦးရေထူထပ်သည့်ဟောင်ကောင်တွင် ပြည်တွင်းထုတ်လုပ်မှုနှင့်မလုံလောက်သဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပမှအဓိက တင်သွင်းနေရကြောင်း၊ ထို့ကြောင့် စင်္ကာပူစိုက်ပျိုးရေးနည်းပညာကုမ္ပဏီဖြစ်သည့် Sustenir Agriculture သည် ဟောင်ကောင်ရှိ Tuen Mun တွင် စတုရန်းပေ ၃၀,၀၀၀ ကျယ်ဝန်းသည့် ထောင်လိုက် စိုက်ပျိုးရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိချက်များတွင် ဖော်ပြထားသည်။ ထို့အပြင် စင်္ကာပူနိုင်ငံသည်လည်း ပြည်ပမှတင်သွင်းသည့် လယ်ယာထွက်ကုန်များအပေါ် မှီခိုရမှုလျှော့ချနိုင်ရန်နှင့် သယ်ယူပို့ဆောင်မှုကြောင့်ဖြစ်ပေါ်သည့် လေလွင့်ပျက်ဆီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ထောင်လိုက်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားသည်။

Source: **canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရာဇီးလ်)**

## RCEP တွင် တရုတ်နိုင်ငံ၏ ပါဝင်မှုထက် တောင်ကိုရီးယားနိုင်ငံ၏ ပါဝင်လာမှုအပေါ် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များက ပိုမိုလိုလားကြောင်း စစ်တမ်းသုံးသပ်ချက်အရသိရ

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများ၏ အလုပ်အမှုဆောင်အရာရှိများ၏ ထက်ဝက်ကျော်ခန့်သည် Regional Comprehensive Economic Partnership (RCEP) တွင် တရုတ်နိုင်ငံ၏ပါဝင်မှုထက် တောင်ကိုရီးယားနိုင်ငံ၏ ပါဝင်မှုအပေါ် ပိုမိုလိုလားကြောင်း ဂျပန်နိုင်ငံမှ Nikkei Asia သတင်းဌာန၊ တောင်ကိုရီးယားနိုင်ငံမှ Maeil Business Newspaper နှင့် တရုတ်နိုင်ငံ၊ Global Times တို့မှ ဆောင်ရွက်ခဲ့သည့် စစ်တမ်းအရသိရပါသည်။

ဂျပန်မှ စီးပွားရေးလုပ်ငန်း ၁၀၀ ခန့်၏ အကြီးအကဲများအား မေးမြန်းဆောင်ရွက်ခဲ့သည့် စစ်တမ်းတွင် ၅၃.၂ % က RCEP အကောင်အထည်ဖော်မှုအပေါ် အကောင်းမြင်ကြပြီး တရုတ်နိုင်ငံ၏ပါဝင်မှုအပေါ် ထောက်ခံကြသူ ၄၁.၁% ရှိကြောင်းနှင့် RCEP တောင်ကိုရီးယားနိုင်ငံ၏ ပါဝင်လာမှုအပေါ် ထောက်ခံသူ ၄၆.၄ % ရှိကြောင်း သိရပါသည်။

အထက်ပါ နိုင်ငံ ၃ နိုင်ငံအနေဖြင့် မတူကွဲပြားသည့် သံတမန်မူဝါဒများနှင့် ကုန်သွယ်မှုမူဝါဒများ အသီးသီးရှိကြရာ ဂျပန်သည် RCEP သဘောတူစာချုပ်အရ တရုတ်နိုင်ငံဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်မည့် စီးပွားရေးလုပ်ငန်းများအား အကောက်ခွန်များလျှော့ချပေးခြင်းနှင့် အခြားသောကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို ဖြေလျှော့ပေးခြင်းများဆောင်ရွက်ရပါမည်။ သို့သော် တရုတ်နိုင်ငံသည် ၎င်း၏ကြီးမားသည့် ပို့ကုန်ဈေးကွက်ဖြစ်ရုံသာမက တရုတ်ကုန်ပစ္စည်းများနှင့် တရုတ်စီးပွားရေးလုပ်ငန်းများအား ကန့်သတ်ပိတ်ပင်ထားသည့် အမေရိကန်ပြည်ထောင်စုအပေါ် ပိုမိုအာရုံစိုက်လိုသည့် သဘောရှိကြောင်း သုံးသပ်ယူဆရပါသည်။

တရုတ်ကုမ္ပဏီများသည် ၎င်းတို့၏ ပြည်တွင်းမှအစပြုကာ ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်တစ်ခုလုံးကို အခိုင်အမာထိန်းသိမ်းထားလိုသည့် သဘောဆန္ဒရှိကြောင်း PricewaterhouseCoopers (PwC) မှ Asia Pacific Customs & Trade Practice ဌာန၏ Senior Manager ဖြစ်သူ Mr. Masaru Ashino က သုံးသပ်ပါသည်။

RCEP လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်တွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့ပါဝင်ကြပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျပန်နှင့်တရုတ်နိုင်ငံတို့သည် သဘောတူစာချုပ်ကို အပြီးသတ်အတည်ပြုပြီးဖြစ်ကာ တောင်ကိုရီးယားနိုင်ငံသည် လာမည့်ဖေဖော်ဝါရီလတွင် စတင် အသက်ဝင်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ စစ်တမ်းမှအဖြေရလဒ်များအရ ၂၀၂၂ ခုနှစ်အတွက် စီးပွားရေးအပေါ် မျှော်လင့်ထားကြမှုများနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများသည် ယခင်နှစ်ကထက်ပို၍ အားပြိုင်လိုသည့် သဘောထားမျိုးရှိလာနိုင်ပြီး ဂျပန်စီးပွားရေးလုပ်ငန်းများမှာ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်လာကြမည့်သဘောမျိုးရှိလာနိုင်သည်ဟု သိရပါသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ၁၂.၆ % က ကမ္ဘာ့စီးပွားရေးသည် လာမည့်နှစ်တွင် တဖြည်းဖြည်းချင်းသို့မဟုတ် အလျင်အမြန်ဖြင့် အားနည်းလာနိုင်သည်ဟုယူဆကြပြီး ၁၀ % ကျော်ကမူ ၂၀၂၁ ခုနှစ်မှ အခြေအနေထက် ပိုမိုတိုးတက်လာနိုင်ကြောင်း ခန့်မှန်းယူဆကြပါသည်။ ပြီးခဲ့သည့်နှစ်ကုန်ခန့်တွင် ရှီအန်းမြို့၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပေါင်း ၂,၀၀၀ ကျော်တွေ့ ရှိရသည့်အတွက် အိုမီခရွန် ဗိုင်းရပ်စ်မျိုးကွဲသစ်ကူးစက်မှုကို အမြစ်ဖြတ်ရန် တရုတ်အစိုးရ၏ "zero-COVID" မူဝါဒနှင့်အညီမြို့များကို locked down အစီအစဉ်များချမှတ်ကာ ကန့်သတ်ထိန်းချုပ်ခဲ့မှုများကြောင့် လျှပ်စစ်ကားများထုတ်လုပ်သည့် တရုတ်ကုမ္ပဏီ BYD Co. Ltd. သည် ၎င်း၏ မော်တော်ကားထုတ်လုပ်ခြင်းများ ယာယီရပ်ဆိုင်းခဲ့ရပြီးနောက်ပိုင်း ထိုကဲ့သို့သော သုံးသပ်ချက်များပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ထို့အပြင် အမေရိကန်သမ္မတသစ် Joe Biden လက်ထက်တွင် တရုတ်နှင့်ဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာမည်ဟု ကုမ္ပဏီအကြီးအကဲ ၆၀ % ခန့်က ယူဆကြသော်လည်း တရုတ်နှင့်အမေရိကန်အကြား ကမ္ဘာ့ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်ဆိုင်ရာ ပိတ်ပင်ကန့်သတ်ချက်များနှင့် ကုန်သေတ္တာပြတ်လပ်မှုများသည် နှစ်နိုင်ငံအကြား တင်းမာမှုများကို ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။

အလားတူ တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးနှင့်ပတ်သက်၍ စစ်တမ်းဖြေကြားသူအားလုံး အနက် ၁၂.၈% က အနာဂတ်စီးပွားရေးသည် ယခင်နှစ်ကထက် ပိုမိုဆိုးရွားလာနိုင်ကြောင်း ဖြေကြားကြပါသည်။ “The Federation of Korean Industries” မှ ညွှန်ကြားရေးမှူး Yoo Hwan-ik က ကိုရီးယား၏ အနာဂတ်ပြည်တွင်း စီးပွားရေးအခြေအနေ အားနည်းနိုင်ချေရှိမှု၊ တရုတ်-

အမေရိကန် ကုန်သွယ်ရေးတင်းမာမှုများနှင့် ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယားအကြားရှိ ပွတ်တိုက်မှုများစသည့် အကြောင်းအရာသုံးခုသည် စီးပွားရေးအပေါ် ရိုက်ချက်ပြင်းနိုင်သည့် "triple whammy" သဖွယ်ဖြစ်သည်ဟု သုံးသပ်ပါသည်။

သို့သော် ဂျပန်နိုင်ငံမှ စစ်တမ်းဖြေဆိုသူများသည် လက်ရှိ ၂၀၂၂ ခုနှစ်တွင် ဂျပန်၏စီးပွားရေးကျဆင်းမည့် အလားအလာနှင့်ပတ်သက်၍ ဖြေကြားခြင်းမရှိဘဲ ကိုရိုနာဗိုင်းရပ်စ်၏ နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုမရှိနိုင်ကြောင်းဟု ၂၉.၉ % မှ ဖြေကြားခဲ့ကြကာ ၅၇.၁ % မှ စီးပွားရေးအပေါ်  တိုးတက်မှုမှုနှုန်း အနည်းငယ်ဖြင့်သာ တိုးတက်နိုင်မည်ဟုယူဆကြပြီး အဆိုးမြင်ခြင်းမရှိကြကြောင်း တွေ့ရပါသည်။

တရုတ်နိုင်ငံတွင် စစ်တမ်းဖြေဆိုသူအားလုံး၏ ၇၂.၇ % က စီးပွားရေးတိုးတက်မှုအပေါ် အနှုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုရှိနိုင်ချေကို ဖြေကြားခဲ့ကြပြီး တရုတ်အစိုးရ၏ အောင်မြင်မှုမရှိနိုင်သည့် "zero-COVID" မူဝါဒသည် အမေရိကန်အခြေစိုက် Eurasia Group ၏ သုံးသပ်ချက်အရ နိုင်ငံရေးအရ ထိခိုက်လွယ်မှုရှိသည့် နိုင်ငံရေးမူဝါဒအဖြစ် ထိပ်တန်းအဆင့်တွင် ပါဝင်နေပါသည်။ အလားတူ တောင်ကိုရီးယားနိုင်ငံအစိုးရ၏  (တရုတ်နိုင်ငံ၏ မူဝါဒကဲ့သို့ မပြင်း ထန်သော်လည်း) ပြည်တွင်းကူးစက်ရောဂါထိန်းချုပ်ရေးအစီအမံများ တဖန်ပြန်လည်ကျင့်သုံးလာမှုကြောင့် စစ်တမ်းဖြေဆိုသူများ၏ ၆၃.၇ % က နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်း အားနည်းနေ မည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။


တရုတ်၏ ပြည်တွင်းစီးပွားရေးတွင် ရင်ဆိုင်ရနိုင်သည့် အကျပ်အတည်းများကြောင့် လုပ်သားအင်အားပြတ်လပ်မှု၊ လုပ်ခငွေများ မြင့်တက်လာမှုစသည်တို့သည် ကူးစက်ရောဂါ၏ သက်ရောက်မှုကြောင့် ပြည်တွင်းနှင့်ပြည်ပမှဝယ်လိုအား ကျဆင်းမှုအခြေအနေထက် သာလွန်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ စစ်တမ်းဖြေဆိုသူများက သုံးသပ်ကြပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ ကလေးမွေးဖွားနှုန်းကျဆင်းလာခြင်းနှင့် သက်ကြီးရွယ်အိုဦးရေ မြင့်တက်လာခြင်းတို့သည် အခြားသတိပြုဖွယ်ရာ စိန်ခေါ်မှုများအဖြစ် ဖြေဆိုသူ ၄၄.၂ % က ဖြေကြားခဲ့ပါသည်။

တောင်ကိုရီးယားသမ္မတ Moon Jae-in ၏ သက်တမ်းကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ မေလ နောက်ပိုင်း ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရသစ်နှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြောင်း ဂျပန်စီးပွားရေးလုပ်ငန်းများမှ အလုပ်အမှုဆောင်များ၏ ၅၉.၈ % က ဖြေကြားခဲ့ပါသည်။ သို့သော် တောင်ကိုရီးယားဘက်မှ စီးပွားရေးလုပ်ငန်းရှင်များ၏ ၄၂.၂ % ခန့်ကမူ အမေရိကန်နှင့် တောင်ကိုရီးယားတို့အကြား ဆမ်ဆောင်း လျှပ်စစ်ကဲ့သို့သော တောင်ကိုရီးယား၏ အထင်ကရစီးပွားရေးလုပ်ငန်းများတွင် အမေရိကန်နှင့်ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုလားကြောင်း ဖြေကြားခဲ့ပါသည်။

**Source:** https://asia.nikkei.com/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်)**

## STOCK EXCHANGE (21.1.2022)




Stock trading data

As of 21st Jan. 2022

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 50 | 410,000 | 33,109,694 | 271,499 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,100 | 2,478 | 7,892,100 | 38,929,150 | 124,573 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 20,000 | +500 | +2.56% | 20,000 | 20,000 | 20,000 | 11 | 220,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 30 | 81,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,950 | +100 | +3.51% | 2,950 | 2,950 | 2,950 | 30 | 88,500 | 19,977,223 | 58,933 |
| AMATA | 00007 | 5,500 | +100 | +1.85% | 5,400 | 5,500 | 5,400 | 69 | 375,600 | 10,497,598 | 57,737 |

# Market Overview

## Main Board

As of 1:00 pm, 21st Jan. 2022

| MYANPIX | 391.50 ▲ 3.95 |
|---|---|
| Total Volume (shares) | 2,668 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 681,054 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 50 |
| EFR | 00006 | 2,950 | ▲ 100 |
| AMATA | 00007 | 5,500 | ▲ 100 |

## Market summary

As of 21st Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.50 | +3.95 | +1.02% | 388.26 | 391.50 | 388.26 | 2,668 | 9,067,200 | 7 | 681,054 |

### Index chart

